HITACHI
Inspire the Next

# News Release

**FOR IMMEDIATE RELEASE**


**Contacts:**

Myanmar: Nyein Nyein Aye
Information Matrix
+95 9 43039616
nyeinnyeinaye@informationmatrix.com

Singapore: Yeap Wei Ting
Hitachi Asia Ltd.
+65 6231 2277
wtyeap@has.hitachi.com.sg


14th Hitachi Young Leaders Initiative တွင်
မြန်မာနိုင်ငံကို ကိုယ်စားပြု တက်ရောက်ရန်အတွက် ကျောင်းသူကျောင်းသား (၄)ဦး ရွေးချယ်ခံရသည်။

**ရန်ကုန်၊ မြန်မာ၊ မေ (၄)ရက် ၂၀၁၇** – 14th Hitachi Young Leaders Initiative (HYLI) တွင် မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး တက်ရောက်ရန်အတွက် တက္ကသိုလ် ကျောင်းသူကျောင်းသားများကို ရွေးချယ်ခဲ့ကြောင်း Hitachi Asia Ltd. က ယနေ့တွင် ကြေငြာခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပရန်အတွက် ဒေသတွင်းရှိ အစိုးရ၊ ပညာရေးနှင့် အစိုးရမဟုတ်သော ကဏ္ဍများမှ ထင်ရှားသော ခေါင်းဆောင်များသည် ပါဝင်ကြမည့် ကျောင်းသူကျောင်းသားများ နှင့်အတူ မြို့ပြထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို စကားဝိုင်းတွင် ဆွေးနွေးကြရန် ၂၀၁၇ ဇူလိုင်လ ၁၀ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့တွင် စုဝေးကြမည်ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားများသည် အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်သည့် ၎င်းတို့၏ အကြံဉာဏ်များကို ပူးပေါင်းတင်ဆက်ပြသကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကို ကိုယ်စားပြုရန် ရွေးချယ်ခံရသော ကျောင်းသူကျောင်းသားများမှာ

| | | |
|---|---|---|
| မချယ်ရီဝေ | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| မအိအိသိမ့် | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| ဒေါက်တာနှင်းသန့်စင်ဦး | - | သွားဘက်ဆိုင်ရာတက္ကသိုလ်(ရန်ကုန်) |
| မကြူကြူရှိန်မိုး | - | သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်(ရန်ကုန်) |

တို့ဖြစ်ကြပါသည်။

၎င်းတို့သည် အသေးစိတ်စီစစ်မှုနှင့် နောက်ဆုံးအရည်အသွေးစစ်ဆေးခြင်းအဆင့်များကို ကျော်ဖြတ်ပြီးမှ ရွေးချယ်ခံရခြင်း ဖြစ်ပါသည်။ စစ်ဆေးမှုများကို Myanmar Association of Japan Alumni (MAJA) မှ ဥက္ကဌဖြစ်သော ပါမောက္ခ ဒေါ်စီစီရှိန် ဦးစီးသည့် စစ်ဆေးသူ(၅)ဦးမှ စီစစ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးဆန်ခါတင်(၄)ဦးမှာ ပါမောက္ခ ဒေါ်စီစီရှိန် အပါအဝင် MAJA မှ ပုဂ္ဂိုလ်(၄)ဦးနှင့် Hitachi Asia Ltd. မြန်မာနိုင်ငံရုံးခွဲမှ ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်သည့် (၅)ဦးအဖွဲ့၏ လူတွေ့စစ်ဆေးမှုအစီအစဉ်မှ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

HYLI သည် ၁၉၉၆တွင် Hitachi, Ltd. မှ ဖော်ဆောင်ခဲ့ပြီးနောက် အာရှဒေသမှ အကောင်းဆုံးနှင့် အထူးချွန်ဆုံး ကျောင်းသူ ကျောင်းသားများကို စုစည်းနိုင်ခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် ၂၀၁၅ တွင် ကျင်းပသော 13th HYLI တွင် မြန်မာနိုင်ငံ ပါဝင်သည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ မြန်မာနိုင်ငံ ပါဝင်မည့် ဒုတိယအကြိမ်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ထူးချွန်ကျောင်းသူကျောင်းသား (၂၈) ဦး လည်း ပူးပေါင်း ပါဝင်မည် ဖြစ်ပါ သည်။

- more -

ယခုနှစ် HYLI ၏ အဓိကခေါင်းစဉ်မှာ "Sustainable Urbanization through Collaborative Creation" ဖြစ်ပါသည်။ မြို့ပြထိန်းသိမ်းမှုသည် အရှေ့တောင်အာရှတွင် လျှင်မြန်စွာ တိုးတက်လာလျက်ရှိပါသည်။ မြို့ပြထိန်းသိမ်းမှုသည် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးမှုတို့အတွက် မရှိမဖြစ် ဖြစ်သော်လည်း အခြေခံအဆောက်အအုံ အထောက်အပံ့ မလုံလောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့ စိန်ခေါ်မှုအမျိုးမျိုးကိုလည်း မြင့်တက်လာစေပါသည်။ ထို့ကြောင့် 14th HYLI တွင် ပါဝင်မည့်ဆွေးနွေးမှုများသည် ခေါင်းစဉ်ခွဲ(၃)ခုအပေါ် ဗဟိုပြု၍ ဆွေးနွေးမည်ဖြစ်ပြီး ၎င်းတို့မှာ

i. The Value of Smart Cities for Southeast Asia
ii. Sustainable Urban Transportation
iii. Environmentally Sustainable Cities တို့ ဖြစ်ကြပါသည်။

Hitachi Asia Ltd. မြန်မာပြည်ရုံးခွဲ၏ အထွေထွေမန်နေဂျာဖြစ်သော Mr. Masaaki Otake က "အာဆီယံမြို့တော်တွေဟာ သူတို့ရဲ့ နောင်မျိုးဆက်ခေါင်းဆောင်တွေကို မြို့ပြထိန်းသိမ်းမှုဆိုင်ရာ နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ပိုမိုစီမံခန့်ခွဲနိုင်စေဖို့ ပြင်ဆင်ထားဖို့လိုပါတယ်။ HYLI ဟာ ဒီမြို့ပြဆိုင်ရာကိစ္စရပ်တွေကို အတူတကွဖြေရှင်းနိုင်ဖို့အတွက် ယခုလက်ရှိနဲ့ နောင်မျိုးဆက်တွေအတွက်ပါ ပေါင်းကူးတစ်ခုအဖြစ် ဖော်ဆောင်ပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဒေသအတွက် ပိုမိုတောက်ပပြီး ပိုမိုပြုပြင်ပြောင်းလဲနိုင်မယ့် အနာဂါတ်ကို ပုံဖော်နိုင်ဖို့အတွက် မြန်မာနိုင်ငံကိုယ်စားပြု ရွေးချယ်ခံရတဲ့ ကျောင်းသူတွေရဲ့ တက်ကြွတဲ့ဆွေးနွေးမှုတွေကိုလည်း ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြင့်မားသော အလားအလာများနှင့်အတူ ဖွံ့ဖြိုးလာနေပြီဖြစ်သော ဈေးကွက်တစ်ခုအဖြစ် အသိအမှတ်ပြုခံရပြီး ဒေသအတွင်းရှိ Hitachi ၏ စီးပွားရေးလုပ်ငန်းများအတွက်လည်း အရေးကြီးသော ဈေးကွက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရည်မှန်းချက်တစ်ခုဖြစ်သော နိုင်ငံတွင်းတွင် ပညာရေးနှင့် လူမှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ၂၀၃၀ခုနှစ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်လာရန်အတွက်လည်း Hitachi မှ ထောက်ပံ့ပေးလျက်ရှိပါသည်။ HYLI အပြင် ရန်ကုန်မြို့ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (UIT) တွင် ဖွင့်လှစ်ခဲ့သော ဟီတာချီမြန်မာဓာတ်ခွဲခန်း (Hitachi Myanmar Laboratory) နှင့် ပညာတော်သင် အစီအစဉ်များမှာလည်း မြန်မာကျောင်းသားများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။ ဟီတာချီ၏ ဆန်းသစ်တီထွင်သော လူမှုစီးပွားရေးလုပ်ငန်း (Social Innovation Business) သည် မီးရထားလမ်းနှင့် အိုင်စီတီကဲ့သို့ ပြည်တွင်းမှ အခြေခံအဆောက်အအုံများကို တိုးတက်စေခဲ့ပါသည်။ Hitachi သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် အစိုးရမဟုတ်သော ကဏ္ဍများမှ အဓိကအရေးပါသူများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

**Hitachi Young Leaders Initiative (HYLI) အကြောင်း**

Hitachi Young Leaders Initiative (HYLI) သည် လူမှုအသိုက်အဝန်းချင်းချင်း ဆက်သွယ်ပေးသော ပရိုဂရမ်တစ်ခုဖြစ်သည်။ အာရှဒေသ၏ ဖြစ်နိုင်ချေရှိသောခေါင်းဆောင်များကို ဩဇာညောင်းသော အစိုးရ တာဝန်ရှိသူများ၊ ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်ဆရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အဆက်အသွယ်များရစေရန် အားပေးကူညီခြင်း၊ ဒေသတွင်း ကိစ္စရပ်များ ကို အတူတကွ ဆွေးနွေးစေခြင်းတို့ဖြင့် ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ၁၉၉၆ ခုနှစ် စင်္ကာပူနိုင်ငံတွင် စတင်

ခဲ့ချိန်မှစ၍ HYLI သည် အာရှဒေသမှ အတော်ဆုံးနှင့် အထူးချွန်ဆုံး ကျောင်းသားများကို အတူတကွ စုစည်းရာတွင် အောင်မြင်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသည် အဆိုပါ ပရိုဂရမ်ထဲတွင် ပါဝင်ခဲ့ပြီး ဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့နှင့် အတူ ပူးပေါင်း ပါဝင် ခဲ့ပါသည်။ အာရှဒေသ၏ တန်ဖိုးကို မြှင့်တင်စဉ်နှင့် များပြားသော ယဉ်ကျေးမှုများကို နားလည်ရန် လေ့လာစဉ်အတွင်း ပါဝင်သူ ကျောင်းသားများ အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ကိစ္စရပ်များအတွက် ၎င်းတို့၏ သဘောထား အမြင်များကို ကျယ်ပျံ့စေမည့် တစ်ခုတည်းသော ပလက်ဖောင်းတစ်ခုလည်း ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအတွက် http://www.hitachi.com.sg/about/hitachi/activities/hyli/index.html တွင် ကြည့်ရှုနိုင်ပါသည်။

## Hitachi Asia Ltd. အကြောင်း

Hitachi Asia Ltd., သည် Hitachi, Ltd., ၏ လက်အောက်ခံကုမ္ပဏီဖြစ်ပြီး စင်္ကာပူနိုင်ငံတွင် အခြေစိုက်ပါသည်။ အာဆီယံ(၇)နိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရုံးခွဲများ ထားရှိပြီး လူမှုအဖွဲ့အစည်း၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၎င်းတို့၏ Social Innovation Business အပေါ်တွင် ဦးတည်ချက်ထားရှိပါသည်။ Hitachi Asia နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများသည် သတင်းအချက်အလက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာစနစ်များ၊ စွမ်းအင်စနစ်များ၊ လူမှုအခြေခံအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းသုံးစနစ်များ၊ လျှပ်စစ်စနစ်များနှင့် ကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ အရည်အသွေးမြင့် ပစ္စည်းများနှင့် ပါဝင်ပစ္စည်းများ၊ အလိုအလျောက်ရွေ့လျားစက်၊ အိမ်သုံးပစ္စည်းများနှင့် အခြားဝန်ဆောင်မှုများကို ကျယ်ပျံ့စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Hitachi Asia ၏ အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com.sg တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# # #